ယုံကြည်ရသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး

**ပြည်သူများပူးပေါင်းလှုပ်ရှားမှုအဖွဲ့**

PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS


*၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၉) ရက်၊ ကနဦးတွေ့ရှိချက်အစီရင်ခံစာ*

## ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးအခင်းအကျင်း

၂၀၁၅ အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံရေး အခင်းအကျင်းအတွက် အရေးကြီးသည့်ဖြစ်ရပ် တစ်ခုပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲဖြစ်စဉ်အတွင်း ပြည်သူလူထုပါဝင်ခွင့်နှင့် ပါဝင်နိုင်မှုကို မြှင့်တင်ရန် ရည်ရွယ်ကာ ရွေးကောက်ပွဲဖြစ်စဉ်ကို စောင့်ကြည့်လေ့လာရန် People's Alliance for Credible Elections (PACE)က ဆုံးဖြတ်ခဲ့ပါသည်။ အကြံပြုမှုများပြုလုပ်ခြင်းနှင့် ရွေးကောက်ပွဲဖြစ်စဉ် ပြုပြင်ပြောင်းလဲရေးကို မြှင့်တင်ခြင်းအားဖြင့်လည်း မြန်မာနိုင်ငံတွင် ပိုမိုကောင်းမွန်သည့် ရွေးကောက်ပွဲများ ပေါ်ထွန်းလာရေးအတွက် People's Alliance for Credible Elections (PACE)မှ ရည်ရွယ်၍ ဆောင်ရွက်လုပ်ကိုင်နေခြင်း ဖြစ်ပါသည်။

နိုင်ငံရေးပါတီ(၉၁)ပါတီမှ ကိုယ်စားလှယ်လောင်း စုစုပေါင်း (၆၀၀၀)ကျော် ဝင်ရောက်ယှဉ်ပြိုင်ပြီး မဲဆန္ဒရှင် (၃၃)သန်းခန့် မဲဆန္ဒပေးခွင့်ရရှိသည့် ၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ၁၉၉၀ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအများဆုံးနှင့် ပြိုင်ဆိုင်မှု အမြင့်မားဆုံး ရွေးကောက်ပွဲတစ်ခုဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်များ အနေဖြင့်လည်း ရွေးကောက်ပွဲဖြစ်စဉ်တွင် ပိုမိုပွင့်လင်းစွာ ပါဝင်လာနိုင်သည်ကို တွေ့ရသည်။ ပြည်တွင်း၊ ပြည်ပမီဒီယာများ၏ ပါဝင်မှုမှာလည်း ယခင်နှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်မားလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ဆက်ဆံရေးပိုမိုများပြားလာသည်ကို တွေ့ရသည်။ နောက်ထပ်အရေးကြီးသည့် အပြောင်းအလဲတစ်ခုမှာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို တရားဝင်အသိအမှတ်ပြုကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်လည်း ပြည်တွင်းအရပ်ဘက် အဖွဲ့အစည်းများ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှု ပိုမိုများပြားလာသည်ကိုတွေ့ရသည်။

သို့သော် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ၊ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် မူဝါဒများ တစ်သတ်တမတ်တည်း မရှိခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဘက်မလိုက်ပဲ ကြားနေမှု၊ လုပ်ငန်းစွမ်းရည်ပြည့်ဝမှုနှင့် ပွင့်လင်းမြင်သာမှုတို့နှင့် ပတ်သက်ပြီး အယုံအကြည်ကင်းမဲ့မှုနှင့် အငြင်းပွားဖွယ်ရာများက ရွေးကောက်ပွဲဖြစ်စဉ် တစ်ခုလုံးကို ပုံဖော်လျက်ရှိသည်။ အထူးသဖြင့် လွှတ်တော်အသီးသီးတွင် တပ်မတော်သား ကိုယ်စားလှယ်များက ကိုယ်စားလှယ် စုစုပေါင်း၏ (၂၅)ရာခိုင်နှုန်း နေရာရယူထားမှုကို ဒီမိုကရေစီ နည်းလမ်းမကျသော ရယူမှုအဖြစ် ပြည်သူအများစုက ရှုမြင်ကြသည်။ ယာယီသက်သေခံ လက်မှတ်ကိုင်ဆိုင်ထားသူများ၏ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သော အငြင်းပွားဖွယ်ရာ ဆုံးဖြတ်ချက်များကြောင့် လူနည်းစုများ မဲပေးခွင့် မရရှိခြင်း၊ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေသော ဒေသများတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်မှု မရှိခြင်း၊ စစ်ဘေးရှောင် ဒုက္ခသည်များနှင့် မိမိတို့နေထိုင်ရာဒေသများမှ အခြားဒေသများသို့ တိမ်းရှောင်နေကြရသူများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများသည် ရွေးကောက်ပွဲတွင် ပြည်သူများ၏ ပါဝင်နိုင်မှုအပေါ်

မေးခွန်းထုတ်စရာ ဖြစ်နေသည်။ ထို့အပြင် ရွေးကောက်ပွဲအလွန် အာဏာလွှဲပြောင်းခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်း အစရှိသည့် အဓိကကျသော ကိစ္စရပ်များနှင့် ပတ်သက်ပြီး နိုင်ငံရေးအရ အများသဘောတူညီမှု မရရှိခဲ့ခြင်း က ယုံကြည်မှုကင်းမဲ့မှုနှင့် မသေချာမရေရာမှုများကို ရွေးကောက်ပွဲအလွန်ထိ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။

၂၀၁၅ခုနှစ် စက်တင်ဘာလမှ စတင်ကာ ယုံကြည်ရသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့ People's Alliance for Credible Elections (PACE)သည် တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်း ကြေညာပြသမှု၊ မဲဆွယ်စည်းရုံးရေးကာလနှင့် ရွေးကောက်ပွဲဆိုင်ရာ နောက်ဆုံးပြင်ဆင်မှုများ အပါအဝင် ရွေးကောက်ပွဲအကြိုကာလ တစ်လျှောက်လုံးကို အနီးကပ်စောင့်ကြည့် လေ့လာခဲ့ပါသည်။ **မဲဆန္ဒရှင်စာရင်း ကြေညာပြသမှုဖြစ်စဉ်သည် ယေဘူယျအားဖြင့် မဲဆန္ဒရှင်များအနေဖြင့် ပါဝင်ဆောင်ရွက်ခွင့် ရရှိခဲ့ပြီး ခြိမ်းခြောက်မှုများ၊ ဝင်ရောက်နှောက်ယှက်မှုများ၊ အကြမ်းဖက်မှုများနှင့် အကျပ်ကိုင်သည့် ဖြစ်ရပ်များစသည့် ကြီးမားသော ဖြစ်ရပ်များ မရှိသည်ကို PACEအဖွဲ့မှ တွေ့ရှိရပါသည်။** သို့သော်လည်း မဲဆန္ဒရှင်များကို ဖြစ်စဉ်တွင် ပါဝင်လာအောင် အသိပေးလှုံ့ဆော်မှု အားနည်းပြီး လူထု၏ ပါဝင် မှုမှာလည်း **နည်းပါး**သည်ကို လေ့လာတွေ့ရှိရပါသည်။ နောက်ဆုံး ထွက်ရှိလာသော မဲဆန္ဒရှင်စာရင်းများသည် ယခုအချိန်ထိ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရပြီး မဲဆန္ဒရှင်စာရင်း၏ ပြည့်စုံမှန်ကန်မှုသည်လည်း မေးခွန်းထုတ်စရာ ဖြစ်နေဆဲပင်ဖြစ်သည်။ စည်းရုံးဟောပြောပွဲများတွင် ခြိမ်းခြောက်မှုနှင့် ဝင်ရောက်နှောက်ယှက်မှု အနည်းငယ် ရှိခဲ့သော်လည်း မဲဆွယ်စည်းရုံးရေး ပတ်ဝန်းကျင်သည် ယေဘုယျ အား ဖြင့် ချောမွေ့ပါသည်။

သို့သော် ကိုယ်စားလှယ်လောင်းအချို့အား တိုက်ခိုက်မှု၊ ခြိမ်းခြောက်မှုနှင့် မဲဆွယ်စည်းရုံးရေး ပိုစတာများ၊ ဆိုင်းဘုတ်များအား ဖျက်ဆီးမှုစသည့် အဖြစ်အပျက်အချို့အား သတင်းမီဒီယာများက ရေးသားတင်ပြခဲ့ကြပါ သည်။

မဲဆွယ်စည်းရုံးရေးကာလ၏ နောက်ဆုံးရက်သတ္တပတ်တွင် မဲဆန္ဒရှင်များအား မဲဆန္ဒရှင်သက်သေခံ လက်မှတ်များ ဖြန့်ဝေခြင်းနှင့် မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းများကို PACEအဖွဲ့အနေဖြင့် စောင့်ကြည့်လေ့လာခဲ့ပါသည်။ ကြိုတင်ဆန္ဒမဲထည့်သည့်ဖြစ်စဉ်များနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ်များကို စောင့်ကြည့်လေ့လာသူများမှ သတင်းပေးပို့မှုများ ရရှိထားသော်လည်း အချက်အလက်များနှင့် ပတ်သက်၍ အတည်ပြုနိုင်ရန် စစ်ဆေးလျှက်ရှိပါသည်။

## အဓိက တွေ့ရှိချက်များ

မဲရုံဖွင့်လှစ်ခြင်း၊ မဲထည့်ခြင်းနှင့် ရေတွက်ခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာနိုင်ရန် PACEအဖွဲ့အနေဖြင့် စောင့်ကြည့်လေ့လာသူများကို တစ်နိုင်ငံလုံးသို့ စေလွှတ်ခဲ့ပါသည်။ ခြုံငုံသုံးသပ်ရလျှင် ရွေးကောက်ပွဲနေ့ဖြစ်စဉ်မှာ တည်ငြိမ်ပြီး မဲဆန္ဒရှင်များ မဲထည့်ခွင့်ရရှိခဲ့ကြသည်ဟု ဆိုရပါမည်။ မဲရုံအများစုမှာ သတ်မှတ်ထားသည့် အချိန်အတိုင်း ဖွင့်လှစ်ခဲ့ကြပြီး မဲရုံ၏ အပြင်အဆင်မှာ မဲဆန္ဒရှင်အများစုအတွက် အဆင်ပြေချောမွေ့သည်ကို တွေ့ရပါသည်။ မဲရုံများတွင် ခြိမ်းခြောက်မှုများ အနည်းငယ်သာတွေ့ရသည်။ မဲရုံဖွင့်ချိန်တွင် ဝင်ရောက်ခွင့်ရရန် အခက်အခဲများရှိခဲ့သော်လည်း ယေဘူယျအားဖြင့် စောင့်ကြည့်လေ့လာသူများအနေဖြင့် ရွေးကောက်ပွဲဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခွင့် ရခဲ့ကြပါသည်။ နိုင်ငံရေးပါတီမှ မဲရုံကိုယ်စားလှယ်များ မဲရုံတော်တော်များများတွင် ရှိနေကြသည်ကို တွေ့ရပါသည်။

ပျမ်းမျှအားဖြင့် မဲဆန္ဒရှင် (၁၀)ဦးအောက်သည် မဲစာရင်းတွင် အမည်မပါသဖြင့် မဲထည့်ခွင့်မရပဲ ပြန်သွားရသည်ကို မဲရုံအချို့တွင် တွေ့ရပါသည်။ မဲရုံပိတ်ချိန်တွင် မဲရုံများတွင် တန်းစီနေသူရှိသည့် မဲရုံအများအပြားကို တွေ့ရပြီး တန်းစီ နေသူများ အားလုံးလိုလို မဲပေးခွင့်ရသည်ကို တွေ့ရသည်။ မဲရုံအများစုတွင် မဲရုံတာဝန်ရှိသူများမှာ သတ်မှတ်ထားသည့် လမ်းညွှန်များနှင့်အညီ ဆောင်ရွက်မှုရှိကြပါသည်။ သို့သော်လည်း နေရာအနည်းငယ်တွင် မဲစာရင်းတွင် မပါရှိသည့် သူများကို မဲပေးခွင့်ပြုသည်ကိုလည်း တွေ့ရသည်။

နေရာအားလုံးလိုလိုတွင် အသိသက်သေများ၊ မဲရုံကိုယ်စားလှယ်များနှင့် စောင့်ကြည့်လေ့လာသူများကို မဲရေတွက်ချိန်တွင် ဝင်ရောက်ကြည့်ရှုခွင့်ပြုခဲ့ပါသည်။ မဲရလဒ်မှတ်တမ်းတင်ထားသည့် ပုံစံ (၁၆) ကိုလည်း မဲရုံတော်တော်များများတွင် အများပြည်သူသိရှိနိုင်ရန် ကြေညာထားသည်ကိုလည်း တွေ့ရပါသည်။ အချို့နေရာများတွင် ကြိုတင်မဲပုံးများ မဲရုံမဖွင့်မီ ရောက်ရှိလာခြင်း မရှိသည်ကိုတွေ့ရပါသည်။ နေရာများ၏ သုံးပုံတစ်ပုံတွင်သာ ပါတီများမှ မဲရုံကိုယ်စားလှယ်များက မဲရေတွက်ခြင်းဖြစ်စဉ်ကို စောဒကတက်သည်ကို တွေ့ရှိရသည်။

## အသေးစိတ်တွေ့ရှိချက်များ

### မဲရုံဖွင့်ခြင်း

- စောင့်ကြည့်လေ့လာသူ (၉၄)ရာခိုင်နှုန်းသည် မဲပေးမှု မစတင်ခင် မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်ကို ရရှိခဲ့ပါသည်။ PACEအဖွဲ့အနေဖြင့် စောင့်ကြည့်လေ့လာသူများ မဲရုံများအတွင်း ဝင်ရောက်ခွင့်ရရှိမှု သေချာစေရန် အတွက် စောင့်ကြည့်လေ့လာသူများနှင့် ထပ်မံဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။ မဲရုံအချို့တွင်မူ မဲပေးမှုစတင်ချိန်မှသာ မဲရုံအတွင်းသို့ စောင့်ကြည့်လေ့လာသူများ ဝင်ရောက်ခွင့် ရရှိခဲ့ပါသည်။ ဝင်ရောက် စောင့်ကြည့်လေ့လာခွင့် မရရှိသော နေရာများတွင် စောင့်ကြည့်လေ့လာသူများ မဲရုံများအတွင်းသို့ ဝင်ရောက်ခွင့် ရရှိရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်ညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ပါသည်။

- မဲရုံ (၈၄)ရာခိုင်နှုန်း၏ အဆင်အပြင် အခင်းအကျင်းမှာ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများ အပါအဝင် မဲဆန္ဒရှင် အားလုံးအတွက် အဆင်ပြေမှုရှိပါသည်။
- မဲရုံ (၉၉)ရာခိုင်နှုန်းတွင် မဲရုံတာဝန်ရှိသည့် မဲရုံအဖွဲ့ဝင်များအားလုံး နံနက်(၆)နာရီတွင် ရောက်ရှိနေပြီးဖြစ်သည်။
- မဲရုံ (၈၉)ရာခိုင်နှုန်းတွင် မဲရုံမဖွင့်ခင် ကြိုတင်မဲပုံးများ ရောက်ရှိနေပြီးဖြစ်သည်။
- မဲရုံ ဖွင့်လှစ်ရမည့်အချိန်တွင် မဲရုံ (၉၃)ရာခိုင်နှုန်းတွင် မဲပေးရာတွင် လိုအပ်သည့်ပစ္စည်းများ အဆင်သင့်ရှိပြီးဖြစ်သော်လည်း (၂)ရာခိုင်နှုန်းတွင် မဲပုံးများ လိုအပ်နေခြင်း၊ (၁)ရာခိုင်နှုန်းအောက်တွင် မဲလက်မှတ်များ လိုအပ်နေခြင်း၊ (၁)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်စာရင်းများ မရှိခြင်း၊ (၁)ရာခိုင်နှုန်းတွင် မဲတံဆိပ်တုံး မရှိခြင်း၊ (၁)ရာခိုင်နှုန်းအောက်တွင် ဖျက်ရန်ခက်သော မင်များ မရှိခြင်းနှင့် (၃)ရာခိုင်နှုန်းတွင် ရလဒ်ပုံစံများ မရှိခြင်းကို လေ့လာတွေ့ရှိရသည်။
- မဲရုံ (၉၅)ရာခိုင်နှုန်းတွင် မဲပေးခြင်းကို သတ်မှတ်ထားသော အချိန်အတိုင်း စတင်နိုင်ခဲ့သော်လည်း၊ (၅)ရာခိုင်နှုန်းမှာ နံနက် (၆)နာရီ၊ (၃၀) မိနစ်ထက် နောက်ကျပြီး ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**မဲပေးခြင်းဖြစ်စဉ်**

• မဲရုံ (၉၂)ရာခိုင်နှုန်းတွင် ပါတီနှင့်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များအနေဖြင့် မဲပေးနေစဉ် မဲရုံတွင် ရောက်ရှိနေကြသည်။ မဲရုံ (၈၃)ရာခိုင်နှုန်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မဲရုံကိုယ်စားလှယ်များနှင့် မဲရုံ (၈၄)ရာခိုင်နှုန်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မဲရုံကိုယ်စားလှယ်များ မဲရုံတွင် မဲပေးနေမှုကို စောင့်ကြည့်နေပြီး၊ မဲရုံ (၂၅)ရာခိုင်နှုန်းတွင် အခြားဗမာပါတီမှ မဲရုံကိုယ်စားလှယ်များ၊ မဲရုံ (၂၉)ရာခိုင်နှုန်းတွင် တိုင်းရင်းသားပါတီ မဲရုံကိုယ်စားလှယ်များနှင့် မဲရုံ (၁၀)ရာခိုင်နှုန်းတွင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များကလည်း မဲပေးနေမှုကို စောင့်ကြည့်နေခဲ့ကြသည်။

• မဲရုံ (၈၇)ရာခိုင်နှုန်းတွင် တာဝန်မရှိသူများ ရှိမနေကြသော်လည်း မဲရုံ (၁၃)ရာခိုင်နှုန်းတွင်မူ တာဝန်မရှိသူများ ရှိနေကြသည်။ အဆိုပါ ပုဂ္ဂိုလ်များမှာ ရပ်ရွာခေါင်းဆောင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များ ဖြစ်ကြသည်။ တချို့ကိစ္စရပ်များတွင် ရှိနေသူများမှာ တပ်မတော်သားများဖြစ်ပါသည်။

• မဲရုံ (၉၆)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်များအနေဖြင့် အထောက်အထား စာရွက်စာတမ်းဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ပြသရန် တောင်းဆိုခြင်းခံကြရသည်။

• မဲရုံ (၃၄)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်(၁၀)ဦးအောက် မဲပေးရန်အတွက် မဲရုံသို့ လာရောက်ခဲ့ကြသော်လည်း မဲဆန္ဒရှင်စာရင်းတွင် ၄င်းတို့၏အမည်များ မပါရှိသောကြောင့် မဲပေးခွင့်မရှိဘဲ ပြန်သွားကြရသည်။ မဲရုံ (၄)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင် (၁၁)ဦးနှင့်အထက် မဲဆန္ဒရှင်စာရင်း၌ ၄င်းတို့၏အမည်များ မပါရှိသောကြောင့် မဲပေးခွင့်မရဘဲ ပြန်သွားကြရသည်။

• မဲရုံ (၉၂)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်စာရင်း၌ အမည်ပါရှိသော မဲဆန္ဒရှင်များအားလုံး မဲပေးခွင့်ရရှိခဲ့ကြသည်။ သို့သော် မဲရုံ (၇)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်စာရင်း၌ နာမည်ပါရှိသော်လည်း မဲဆန္ဒရှင်(၁၀)ဦးအောက် မဲပေးခွင့် မရရှိခဲ့ပါ။

• မဲရုံ (၉၀)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်စာရင်း၌ နာမည်ပါသောသူများသာလျှင် မဲပေးခွင့်ရရှိသည်။ သို့သော် မဲရုံ (၁၀)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်စာရင်း၌ နာမည်မပါသောသူအချို့ မဲပေးခွင့်ရရှိခဲ့သည်။ ကိုယ်စားမဲပေးမှုများ ရှိကြောင်း သတင်းပေးပို့မှုများ ရရှိခဲ့ပါသည်။ မိသားစုဝင်များ ကိုယ်စားမဲပေးခြင်းနှင့် အခြားသူများကိုယ်စား မဲပေးခြင်းများ ဖြစ်ပါသည်။

• မဲရုံ (၉၇)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်များအနေဖြင့် လျှို့ဝှက်မဲဆန္ဒပြုနိုင်ခဲ့ကြပါသည်။

• မဲရုံ (၉၉)ရာခိုင်နှုန်းတွင် မဲရုံနှင့် မဲရုံအနီးဝန်းကျင်တွင် မဲဆန္ဒရှင်များအား ခြိမ်းခြောက်မှု သို့မဟုတ် အနှောက်အယှက်ပြုခြင်းများ မရှိကြောင်း တွေ့ရှိရပါသည်။ PACEအနေဖြင့် မဲရုံအတွင်းနှင့် အနီးတွင်သာ ခြိမ်းခြောက်မှု သို့မဟုတ် အနှောက်အယှက်ပြုခြင်းများ ရှိ၊ မရှိကို စောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။ မဲရုံအပြင်ဘက် နေရာများကိုမူ စောင့်ကြည့်လေ့လာမှု မပြုလုပ်နိုင်ခဲ့ပါ။

• မဲရုံ(၉၉)ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်များအနေဖြင့် မဲပေးမှုပြီးစီး၍ မဲရုံမှ ထွက်ခွာသည့်အခါတွင် လက်တွင် မင်တို့ခံကြရသည်။

• မဲရုံ (၉၇) ရာခိုင်နှုန်း၏ အပြင်ဘက်တွင် ရွေးကောက်ပွဲ အထူးရဲများရှိနေပါသည်။

• မဲရုံ (၃၈)ရာခိုင်နှုန်းတွင် ညနေ(၄)နာရီတွင် တန်းစီနေသော မဲဆန္ဒရှင်များ ရှိပါသည်။ အဆိုပါ မဲရုံများ၏ (၉၅)ရာခိုင်နှုန်းတွင် တန်းစီနေသော မဲဆန္ဒရှင်များ မဲပေးခွင့်ရပါသည်။

• မဲရုံ (၉၅)ရာခိုင်နှုန်းတွင် ရွေးကောက်ပွဲ စောင့်ကြည့်သူများအား မဲပေးမှုဖြစ်စဉ်ကို အပြည့်အဝ စောင့်ကြည့်လေ့လာခွင့်ပြုခဲ့ပါသည်။ မဲရုံ (၅)ရာခိုင်နှုန်းတွင် ရွေးကောက်ပွဲစောင့်ကြည့်သူများအား စောင့်ကြည့်ခွင့်ပြုသော်လည်း ကန့်သတ်ချက်များရှိပါသည်။

## မဲရုံပိတ်ခြင်း နှင့် မဲများရေတွက်မှု

• **မဲရုံအားလုံးနီးပါးတွင် မဲရုံပိတ်ပြီးချိန် နောက်ပိုင်း မဲရေတွက်မှုအား စောင့်ကြည့်လေ့လာရန် စောင့်ကြည့်လေ့လာသူများ၊ ပါတီကိုယ်စားလှယ်များနှင့် မျက်မြင်သက်သေများအား မဲရုံအတွင်း ဆက်လက်နေခွင့်ပြုသည်။**

• မဲရုံ (၉၄)ရာခိုင်နှုန်းတွင် အခြားမဲများကို မရေတွက်ခင် ကြိုတင်မဲများအား ဦးစွာရေတွက်ခဲ့ပါသည်။

• မဲရုံ (၉၈)ရာခိုင်နှုန်းတွင် မဲများရေတွက်ရာတွင် မဲလက်မှတ်မှ မဲပေးထားသည့် အမှတ်အသားများကို ထင်ရှားစွာ မြင်တွေ့နိုင်ခဲ့ပါသည်။

• မဲရုံ (၉၆)ရာခိုင်နှုန်းတွင် တာဝန်ရှိသူများက ပယ်မဲများကို ဆုံးဖြတ်ရာတွင် ရှေ့နောက်ညီညွတ်မှု ရှိခဲ့ပါသည်။

• မဲရုံ (၉၄)ရာခိုင်နှုန်းတွင် မဲများရေတွက်နေစဉ်၌ ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ ရှိနေပါသည်။ မဲရုံ (၈၈)ရာခိုင်နှုန်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မဲရုံကိုယ်စားလှယ်များနှင့် မဲရုံ (၈၇) ရာခိုင်နှုန်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မဲရုံကိုယ်စားလှယ်များ မဲရုံတွင် မဲရေတွက်နေမှုများကို စောင့်ကြည့်နေပြီး၊ မဲရုံ (၂၆)ရာခိုင်နှုန်းတွင် အခြားဗမာပါတီမှ မဲရုံ ကိုယ်စားလှယ်များ၊ မဲရုံ (၂၈)ရာခိုင်နှုန်းတွင် တိုင်းရင်းသားပါတီ မဲရုံကိုယ်စားလှယ်များနှင့် မဲရုံ (၁၁)ရာခိုင်နှုန်းတွင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များကလည်း မဲရေတွက်နေမှုများကို စောင့်ကြည့်နေခဲ့ကြသည်။

• မဲရုံ (၉၉)ရာခိုင်နှုန်းတွင် မဲရေတွက်ပြီးနောက် မဲလက်မှတ်များနှင့် ပုံစံများကို ဆာလာအိတ်များအတွင်းသို့ ထည့်ပြီး ချိတ်ပိတ်ခဲ့ပါသည်။

• မဲရုံ (၉၃)ရာခိုင်နှုန်းတွင်  မဲရေတွက်ပြီးနောက် ရလဒ်ပုံစံ(ပုံစံ ၁၆)ကို အများပြည်သူ ကြည့်ရှုနိုင်ရန် ကပ်ထားပါသည်။

• မဲရုံ (၉၇)ရာခိုင်နှုန်းတွင် မဲရေတွက်မှုနှင့် ပတ်သက်ပြီး ခြိမ်းခြောက်မှုများ၊ နှောက်ယှက်မှုများနှင့် ဝင်ရောက်စွက်ဖက်ခြင်းများ မရှိကြောင်းကို တွေ့ရှိရသည်။

• မဲရုံ (၇၉)ရာခိုင်နှုန်းတွင် မည်သည့် နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များမှ မဲရေတွက်မှုနှင့်ပတ်သက်ပြီး မဲရုံမှူးအား စောဒကတက်မှုများ မပြုလုပ်ခဲ့ပါသည်။ မဲရုံ (၁၇)ရာခိုင်နှုန်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ မဲရုံကိုယ်စားလှယ်မှ စောဒကတက်မှုများရှိပြီး မဲရုံ (၁၆)ရာခိုင်နှုန်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မဲရုံကိုယ်စားလှယ်များမှ စောဒကတက်မှုများရှိခဲ့သည်။ မဲရုံ (၅)ရာခိုင် နှုန်းတွင် အခြားဗမာပြည်ပါတီ၏ မဲရုံကိုယ်စားလှယ်များမှ စောဒကတက်မှုများရှိပြီး မဲရုံ (၆)ရာခိုင်နှုန်းတွင် တိုင်းရင်းသားပါတီမှ မဲရုံကိုယ်စားလှယ်များမှ စောဒကတက်မှုများရှိခဲ့သည်။ မဲရုံ (၂)ရာခိုင်နှုန်းတွင် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များမှ စောဒကတက်မှုများ ရှိခဲ့ကြသည်။

PACEအဖွဲ့အနေဖြင့် မဲဆန္ဒရှင်စာရင်း ကြေညာပြသမှု ဖြစ်စဉ်၊ မဲဆွယ်စည်းရုံးရေး ဖြစ်စဉ်၊ ရွေးကောက်ပွဲဆိုင်ရာ ပြင်ဆင်မှုများနှင့် ရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာမှုများမှ ရရှိသော တွေ့ရှိချက်များ ပါဝင်သည့် နောက်ဆုံးအစီရင်ခံစာကို လာမည့် ရက်သတ္တပတ်များအတွင်း ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**စောင့်ကြည့်လေ့လာသည့် နည်းစနစ်**

ရွေးကောက်ပွဲနေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မဲရုံများကို စောင့်ကြည့်လေ့လာရန်အတွက် PACEအဖွဲ့မှ စောင့်ကြည့်လေ့လာသူ (၂၀၀၀)ကျော်အား နေရာဖြန့်ချထားပြီးဖြစ်သည်။ PACEအဖွဲ့အနေဖြင့် ရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် နမူနာအခြေပြု စောင့်ကြည့်လေ့လာခြင်း Sample-Based Observation (SBO)ကို ပြုလုပ်သွားမည်ဖြစ်သည်။ နမူနာအခြေပြု စောင့်ကြည့်လေ့လာခြင်းသည် ခေတ်မီ စောင့်ကြည့်လေ့လာသည့် နည်းစနစ်တစ်ခုဖြစ်ပြီး အဆိုပါနည်းစနစ်သည် ကောင်းမွန်စနစ်ကျစွာ တည်ဆောက်ထားသည့် စာရင်းအင်းပညာဆိုင်ရာ စည်းမျဉ်းဥပဒေသများနှင့် သတင်းအချက်အလက် နည်းပညာကို အသုံးပြုသော နည်းစနစ်တစ်ခုဖြစ်သည်။ နမူနာအခြေပြု စောင့်ကြည့်လေ့လာခြင်းတွင် မဲပေးခြင်းနှင့် မဲရေတွက်မှုကို စနစ်တကျ ဆန်းစစ်နိုင်ရန်အတွက် မဲရုံများကို တစ်နိုင်ငံလုံး ကိုယ်စားပြုနိုင်သော  နမူနာများအဖြစ် ရွေးထုတ်အသုံးပြုခြင်းများ ပါဝင်သည်။ ၂၀၁၅ ရွေးကောက်ပွဲအတွက် နမူနာအခြေပြု စောင့်ကြည့်လေ့လာခြင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာ ကိုယ်စားပြုနိုင်သည့် ကျပန်းနမူနာများအဖြစ် ရွေးချယ်သတ်မှတ်ထားသော မဲရုံပေါင်း(၄၄၀)ကို စောင့်ကြည့်လေ့လာနိုင်ရန်အတွက် နိုင်ငံသား စောင့်ကြည့်လေ့လာသူများအား နေရာဖြန့်ချထားပြီးဖြစ်သည်။ PACEအဖွဲ့မှ စောင့်ကြည့်လေ့လာသူများသည် ၎င်းတို့အတွက် သတ်မှတ်ပေးထားသည့် သက်ဆိုင်ရာ မဲရုံများသို့ နံနက်(၅)နာရီ အရောက်သွားရောက်ကြမည် ဖြစ်သည်။  အဆိုပါ စောင့်ကြည့်လေ့

လာသူများသည် မဲရုံမဖွင့်လှစ်ခင် အချိန်တွင် မဲရုံအား ပြင်ဆင်ခြင်း၊ မဲပေးခြင်း၊ ရေတွက်ခြင်း၊ မဲရလဒ်များ ထုတ်ပြန်ကြေငြာခြင်းနှင့် ရလဒ်များကို မဲရုံတွင် ကပ်ထားခြင်းများကို စောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲနေ့ တစ်နေ့လုံးတွင် PACEအဖွဲ့မှ စောင့်ကြည့်လေ့လာသူများသည် အချက်အလက်စင်တာ (Data Center)သို့ သတ်မှတ်ထားသော အချိန်များအတိုင်း (၄)ကြိမ်ဖုန်းခေါ်ဆိုပြီး စောင့်ကြည့်လေ့လာမှုမှ တွေ့ရှိချက်များကို အစီရင်ခံသွားမည်ဖြစ်သည်။ နမူနာအခြေပြု စောင့်ကြည့်လေ့လာသူများသည် အချက်အလက်ပေါင်း (၁၈,၉၀၀)ကို စုဆောင်းပြီး အစီရင်ခံ သတင်းပေးပို့သွားကြမည် ဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲ ကာလအတွင်း PACEအဖွဲ့သည် ကာလရှည် စောင့်ကြည့်လေ့လာသူ LTOs (Long Term Observer) (၁၃၀)ဦးဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ မဲဆန္ဒရှင်စာရင်း ကြေညာပြသမှုနှင့် မဲဆွယ် စည်းရုံးရေးကာလကို စောင့်ကြည့်လေ့လာခြင်းနှင့် ရွေးကောက်ပွဲမတိုင်ခင် ရက်သတ္တပတ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပြင်ဆင်မှုများကို စောင့်ကြည့်လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။ PACEအဖွဲ့အနေဖြင့် ၂၀၁၅ခုနှစ် ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ ခွင့်ပြုချက်ကို ရရှိထားပြီးဖြစ်ပါသည်။

## အဖွဲ့အစည်း နောက်ခံအကျဉ်း

ယုံကြည်ရသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့ People's Alliance for Credible Elections (PACE)သည် အစိုးရမဟုတ်သော သီးခြားလွတ်လပ်သည့် ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အရပ်ဘက် အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပြည်သူပြည်သားများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ကိုယ်တိုင်ပါဝင် လှုပ်ရှားလာရေးတို့ကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အင်စတီကျူးရှင်းများ ပိုမိုအားကောင်း ခိုင်မာလာရေးတို့ကို ရည်မှန်းကာ ၂၀၁၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ရွေးကောက်ပွဲ ဖြစ်စဉ်တစ်ခုလုံးကို တစိုက်မတ်မတ် လေ့လာပြီး၊ ရွေးကောက်ပွဲ ဖြစ်စဉ် ပွင့်လင်းမြင်သာမှုနှင့် ပြည်သူပြည်သား အားလုံးပါဝင်နိုင်မှုတို့အတွက် ရွေးကောက်ပွဲနှင့် ပြည်သူနီတိဆိုင်ရာ အသိပေးလုပ်ငန်းများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။ PACEအဖွဲ့သည် လူ့အခွင့်အရေးကို တန်းဖိုးထားပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတန်း"မှ ပြဋ္ဌာန်းချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ ကျား-မခွဲခြားမှု မရှိစေပဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံပေါင်း(၇၅)နိုင်ငံမှ ဘက်မလိုက်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းပေါင်း (၂၆၀) ကျော်က သဘောတူ လက်မှတ်ရေးထိုးထားသည့် "ဘက်မလိုက်သော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့

များ လိုက်နာရမည့် ကမ္ဘာလုံးဆိုင်ရာ ကြေညာစာတန်း (Declaration of Global Principles For Non-partisan Observation and Monitoring by Citizen Organization)" ကို ၂၀၁၄ခုနှစ်တွင် ပါဝင်လက်မှတ် ရေးထိုးခဲ့ပါသည်။

ဆက်သွယ်ရန်

မြတ်မေဇင် (ပြင်ပဆက်ဆံရေးနှင့် မီဒီယာအကြံပေး)၊ info@pacemyanmar.org၊ 09-787 391 571